
www.kidsofdestiny.org
Kids of Destiny®
Reaching the Next Generation

# ရောမလူ့ဘီလူးကြီးကို သတ်ဖြတ်နိုင်သူ 4.06

# ဓမ္မရာဇဝင်ပဌမစာစောင် ၁၇

“ဒါဝိဒ်ဟာ သူ့အဖေရဲ့စားကျက်ကွင်းကတိရစ္ဆာန်တွေကို ကူညီထိန်းကျောင်းပေးတဲ့ ငယ်ရွယ်တဲ့ကောင်လေးဖြစ်ပြီး သူဟာ ဘုရားသခင် ကို အရမ်းချစ်တယ်။ ဘုရားသခင်က သာမန်လူတွေကမဖြစ်နိုင်ဘူးထင်တဲ့အရာတွေကိုလုပ်နိုင်တဲ့တန်ခိုးကို ဒါဝိဒ်ကိုပေးထားတယ်။ ဒါဝိဒ်မှာ ညီအစ်ကိုခုနှစ်ယောက်ရှိပြီး သူတို့တွေဟာ အဝေးက ရန်သူရဲ့နိုင်ငံမှာ တိုက်ပွဲတိုက်နေတယ်။ ဒါဝိဒ်ရဲ့အဖေက ဒါဝိဒ်ကို စားစရာ သီးသန့်တစ်ချို့ကိုယူပြီး သူ့အစ်ကိုတွေဆီကိုသွားပို့ခိုင်းတယ်။ သူ့အစ်ကိုတွေကို သွားလည်ဖို့ တပ်စခန်းချထားတဲ့နေရာရောက်တော့၊ ဘယ်သူမှာတိုက်ပွဲမတိုက်ကြတာကိုသတိထားမိတယ်။ သူတို့တွေဟာ အရမ်းကြောက်ရွံ့တုန်လှုပ်ပြီးထိုင်နေကြတယ်။ အရမ်းကြောက် စရာကောင်းတဲ့သူက တောင်ထိပ်ပေါ်ကနေ အော်နေတယ်။ “သင်တို့အထဲက သတ္တိအရှိဆုံးနဲ့အသန်မာဆုံးသူရဲကောင်းကို ငါ့ဆီပို့ပြီး ငါ့ကိုလာတိုက်ခိုင်းပါ” လို့ ဂေါလျတ်လို့ခေါ်တဲ့ရောမလူ့ဘီလူးကြီးက အော်ပြောတယ်။ “သင်တို့ရဲ့အင်အားကြီးမားတဲ့စစ်သားတွေက ငါ့ကိုတိုက်နိုင်တယ်ဆိုရင်၊ ငါ့ရဲ့တပ်က သင်တို့ရဲ့ကျွန်တွေဖြစ်လာလိမ့်မယ်။ ဒါပေမယ့် ငါဒီတိုက်ပွဲကိုအောင်ရင်၊ သင်တို့အားလုံးဟာ ငါ့တပ်ရဲ့ ကျေးကျွန်တွေဖြစ်လာလိမ့်မယ်” လို့ဂေါလျတ်ကြီးက ကြေညာလိုက်တယ်။

ရောမလူ့ဘီလူးကြီးပြောတာကို ဒါဝိဒ်ကြားပြီး လူတွေအားလုံးကကြောက်လန့်နေတာကိုမြင်ရတယ်။ စစ်သားတွေအားလုံးက ဂေါလျတ် ရှိနေတဲ့ရန်သူ့တပ်ကို ကြောက်ရွံ့နေကြတယ်။ ရှောလုတပ်က ဘယ်သူမှ ထွက်မလာကြတော့ ဒါဝိဒ်က ရောမလူ့ဘီလူးကြီးကိုတိုက်ဖို့ စိတ်ဆုံးဖြတ်လိုက်တယ်။ ရှင်ဘုရင်ရှောလုက ဒါဝိဒ်နဲ့တွေ့ပြီး ဂေါလျတ်ကိုတိုက်ခိုက်တာဟာ အရမ်းအန္တရာယ်ကြီးတဲ့အကြောင်း ဒါဝိဒ် ကို သတိပေးဖို့ကြိုးစားတယ်။ ရှောလုက သူ့ရဲ့သံချပ်ကာဝတ်စုံကို တိုက်ပွဲမှာ ဒါဝိဒ်ဝတ်ဖို့အတွက်တောင် ပေးခဲ့တယ်။ ဒါဝိဒ်က သူ့ဘက် မှာဘုရားရှိတယ်ဆိုတာကို ယုံကြည်တဲ့အတွက်ကြောင့် ရှင်ဘုရင်ရှောလုရဲ့သံချပ်ကာဝတ်စုံကို မဝတ်ခဲ့ဘူး။ ဒါ့အပြင် ဝတ်စုံက အရမ်း ကြီးပြီး သူ့ရဲ့ခန္ဓာကိုယ်သေးသေးလေးနဲ့မတော်ဘူး။

ငယ်ရွယ်တဲ့ဒါဝိဒ်ဟာ တပ်စခန်းအပြင်ဘက်ကိုသွားပြီး ဂေါလျတ်နဲ့တွေ့ခဲ့တယ်။ ရောမလူ့ဘီလူးကြီးက ရယ်မောပြီးဟစ်အော်ခဲ့တယ်။ ဒါဝိဒ်ကတော့ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ ချောင်းထဲက ချောတဲ့ကျောက်လုံးငါးလုံးကို ရွေးပြီးသူ့လွယ်အိတ်ထဲ ထည့်ဖို့ မြေကြီးပေါ် မှာ ရှာဖွေနေတဲ့အချိန်မှာပဲ “သင်ဟာ ကလေးပဲရှိသေးတယ်၊ ငါ့ကို တိုက်နိုင်မှာ မဟုတ်ဘူး” ဆိုပြီး ဂေါလျတ်ကြီးက ရီမောနေခဲ့တယ်။ ဘုရားသခင်က ဒါဝိဒ်ရဲ့ဝိညာဉ်အထဲကနေ သတ္တိရှိစေတာကို ခံစားရတော့ ဒါဝိဒ်က ဂေါလျတ်ကို “သင်ဟာ ဓါးနဲ့လှံနဲ့ ကျွန်ုပ်ကို တိုက် ခိုက်ဖို့လာတယ်။ ဒါပေမယ့် ကျွန်ုပ်ဟာ အလုံးစုံကိုအစိုးရတဲ့ ဘုရားရှင်ရဲ့နာမတော် နဲ့လာတယ်။ သူဟာ ဣသရေစစ်သည်တွေရဲ့ ဘုရား ဖြစ်တယ်။ သူ့ကို သင်ယှဥ်ပြိုင်တိုက်ခိုက်ရမှာ ဖြစ်တယ်” လို့ ပြန်အော်ဟစ်ခဲ့တယ်။

ဒါဝိဒ်ဟာ သူ့လွယ်အိတ်ထဲက ချောတဲ့ကျောက်တစ်လုံးကိုယူပြီး လောက်လွှဲထဲကို ထည့်တယ်။ အဲဒါကိုလောက်လွှဲလို့ ဘာလို့ခေါ်လဲ ဆိုတော့ ကျွမ်းကျင်တဲ့သူတစ်ယောက်ဟာ ကျောက်တစ်လုံးကို ကြီးမားတဲ့အရှိန်နဲ့အင်အားကို အသုံးပြုပြီး လွှဲပစ်နိုင်လို့ဖြစ်တယ်။ ဒီလောက်လွှဲဟာ စားကျက်ကွင်းထဲမှာ သိုးထိန်းအနေနဲ့ အလုပ်လုပ်တဲ့အချိန်က သူ့သိုးတွေကို လာချောင်းမြောင်းတိုက်ခိုက်ခဲ့တဲ့ တိရစ္ဆာန်အရိုင်းတွေကို တိုက်ထုတ်တဲ့အချိန်မှာသုံးခဲ့တဲ့ လောက်လွှဲပဲဖြစ်တယ်။ ဝိုင်းလည်ပတ်လည်ချာချာလည်ပြီး ဒါဝိဒ်က သူ့ရဲ့ လောက်လွှဲကို ကောင်းကင်အမြင့်မှာ လွှဲပစ်လိုက်တော့ ကျောက်က ဂေါလျတ်ရဲ့နဖူးတည့်တည့်ကို ထိသွားတယ်။ ရောမလူ့ဘီလူးကြီး ဟာ မြေကြီးပေါ်ကို ဒိုက်စိုက်ကျသွားပြီး ဒါဝိဒ်ဟာ တိုက်ပွဲကို အောင်မြင်ခဲ့တယ်။”

ရောမသြဝါဒစာ ၁၀း၁၃ “အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြ လတံ့။

## ရောမလူ့ဘီလူးကြီးကို သတ်ဖြတ်နိုင်သူ - ဆရာလမ်းညွှန် 4.06

## ဓမ္မရာဇဝင်ပဌမစာစောင် ၁၇

အဓိကအချက်များ

1) ဒါဝိဒ်ဟာ ဘုရားသခင်ကိုအရမ်းချစ်တဲ့ ငယ်ရွယ်တဲ့ကောင်လေးဖြစ်တယ်။ သာမန်လူတွေမလုပ်နိုင်ခဲ့တဲ့အရာတွေကို လုပ်နိုင်တဲ့ တန်ခိုးကို ဘုရားသခင်က ဒါဝိဒ်ကိုပေးခဲ့တယ်။

2) ဒါဝိဒ်ရဲ့အစ်ကိုတွေဟာ တပ်ထဲမှာ သူတို့ရဲ့ရန်သူတွေကိုတိုက်ခိုက်နေကြတယ်။ ရန်သူတွေအထဲကတစ်ယောက်ဟာ ဂေါလျတ်လို့ ခေါ်တဲ့ရောမလူ့ဘီလူးကြီးဖြစ်တယ်။ ဂေါလျတ်က တိုက်ပွဲမှာ တိုက်ခိုက်ချင်တယ်လို့ပြောတယ်။ အကယ်၍သူနိုင်ရင် သူတို့အား လုံးသူ့ရဲ့ကျွန်ဖြစ်လာမယ်လို့ ပြောတယ်။

3) ဒါဝိဒ်က သူဂေါလျတ်ကြီးကိုတိုက်ချင်တဲ့အကြောင်း ရှင်ဘုရင်ရှောလုကိုပြောတယ်။ ရှင်ဘုရင်ရှောလုက ဒါဝိဒ်ကို သူ့ရဲ့အထူးပြု လုပ်ထားတဲ့သံချပ်ကာတွေကို ဝတ်ဆင်စေချင်ပေမယ့် သူ့ဘက်မှာထာဝရဘုရားရှိတဲ့အကြောင်းကို ဒါဝိဒ်သိတဲ့အတွက် ဘုရင်ရဲ့ သံချပ်ကာကို သူမလိုအပ်ခဲ့ဘူး။

4) ဂေါလျတ်ကြီးကိုတွေ့ဖို့ ဒါဝိဒ်သွားခဲ့တယ်။ ဂေါလျတ်က သူ့ကို ရယ်တယ်။ “သင်ဟာကလေးပဲရှိသေးတယ်။ ကျွန်ုပ်ကို မတိုက်ခိုက် နိုင်ပါဘူး” လို့ ဂေါလျတ်ကပြောတယ်။ ဒါဝိဒ်က သူဟာ ဣသရေလစစ်သည်တော်တွေရဲ့ဘုရားဖြစ်တဲ့ အရှင်ရဲ့နာမတော်နဲ့ တိုက် ခိုက်တာဖြစ်ကြောင်း ဂေါလျတ်ကိုပြောတယ်။

5) ဒါဝိဒ်ဟာ သူ့ရဲ့လွယ်အိတ်ထဲက ချောတဲ့ကျောက်တစ်လုံးကို ယူပြီး သူ့လောက်လွှဲထဲကိုထည့်တယ်။ သူ့လောက်လွှဲကို အမြင့်မှာ ဝှေ့ယမ်းပြီး ကျောက်တုံးဟာ ဂေါလျတ်ကြီးရဲ့နဖူးတည့်တည့်ကို သွားထိတယ်။ ဒါဝိဒ်တိုက်ပွဲကို အောင်မြင်ခဲ့တယ်။

မေးခွန်းများ

1) ဒီပုံပြင်က ဘယ်သူ့အကြောင်းလဲ?
2) သူ့ရဲ့ထူးခြားတဲ့တန်ခိုးကို ဒါဝိဒ်ဘယ်လိုရခဲ့လဲ?
3) တိုက်ချင်တဲ့ ရောမလူ့ဘီလူးကြီးရဲ့အမည်က ဘာလဲ?
4) ဘုရင်ရှောလုရဲ့သံချပ်ကာကို ဒါဝိဒ်လိုအပ်ခဲ့သလား?
5) ဒါဝိဒ်က ဂေါလျတ်ကို ဘာပြောခဲ့လဲ?
6) တိုက်ပွဲနိုင်ဖို့ ဒါဝိဒ်ဘာလုပ်ခဲ့လဲ?

အဖြေများ

1) ဒီပုံပြင်က ဘုရားကိုချစ်တဲ့ ဒါဝိဒ်လို့ခေါ်တဲ့ကောင်လေးတစ်ယောက်အကြောင်းဖြစ်ပါတယ်။
2) ဘုရားသခင်က ဒါဝိဒ်ကို ထူးခြားတဲ့တန်ခိုး ပေးခဲ့တယ်။
3) ရောမလူ့ဘီလူးကြီးရဲ့နာမည်က ဂေါလျတ်ဖြစ်ပါတယ်။
4) ဘုရင်ရှောလုရဲ့သံချပ်ကာကို ဒါဝိဒ်မလိုအပ်ခဲ့ပါဘူး။ သူ့ဘက်မှာဘုရားသခင်ရှိတယ်ဆိုတာကို ဒါဝိဒ်သိပါတယ်။
5) “ဘုရားသခင်ရဲ့နာမတော်နဲ့ သင့်ဆီကိုလာတယ်”လို့ ဒါဝိဒ်က ဂေါလျတ်ကို ပြောတယ်။
6) ဒါဝိဒ်က ကျောက်တုံးတစ်တုံးကို သူ့လောက်လွှဲထဲကိုထည့်ပြီး ဂေါလျတ်ဆီကို ပစ်ခဲ့ပါတယ်။ ကျောက်တုံးက ဂေါလျတ်ရဲ့ နဖူး တည့်တည့်ကိုထိခဲ့ပါတယ်။

ရောမဩဝါဒစာ ၁၀း၁၃ “အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြ လတံ့။”

Kids of Destiny
Reaching the Next Generation

